## ၈။ ကပ္ပိယက သီလလည်း ဖြူစင်ရမယ်၊ စိတ်ဓာတ်လည်း စင်ကြယ်ရမယ်

Dr. အောင်သူ ။ ။ ရဟန်းတော်များရဲ့ အနားမှာနေတဲ့ ကပ္ပိယက သီလဖြည့်ကျင့်ပြီးမှ နေရတာပါလားဘုရား။

ဆရာတော် ။ ။ ကပ္ပိယဆိုတာ သီလစင်ကြယ်ရုံတင် မကဘူး၊ စိတ်ဓာတ်ပါ ဖြူစင်ရတယ်။

Dr. အောင်သူ ။ ။ သီလဖြူစင်တာကိုတော့ နားလည်ပါတယ်ဘုရား။ စိတ်ဓာတ်ဖြူစင်တာကို နားမလည်ပါဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ၊ သာဓကတစ်ခု ပြောပြပါမယ်။

M.Sc ကျောင်းသား ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဘုန်းတော်ကြီးဦးသီလ ထံပါးမှာ ဦးအာကာ က

ကပ္ပိယအဖြစ် တောထဲအထိ လိုက်နေတယ်။ တောကကြီးပြီး ညညကျားတွေလာတတ်လို့ ကပ္ပိယကြီးက နေ့ခင်း ထင်းခွေထားပြီး ညအခါ မီးထည့်လေ့ရှိတယ်။

M.Sc ကျောင်းသား ။ ။ ဆောင်းတွင်းအခါပါ လားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဆောင်း တွင်းမို့ မီးလှုံဖို့ရယ်၊

ကျားတွေမလာစေဖို့ ရည်ရွယ်ပြီး မီးဖိုထားတာ၊ တစ်ညတော့ ကျားကြီးတစ်ကောင်က မီးဖိုရှိရာ တည့်တည့်ကြီး ဝင်လာပြီး ဝပ်ပြီးထိုင်နေတယ်။ ကပ္ပိယက ကြောက်လွန်းလို့ အော်လည်း မအော်ရဲရှာဘူး။ စိတ်တစ်ထိတ်ထိတ်နဲ့ပဲ သူတတ်သမျှ မှတ်သမျှကို စိတ်ထဲ ရွတ်ဖတ်နေတော့တယ်။

M.Sc ကျောင်းသား ။ ။ ကျားကြီးက ဘာလုပ် သလဲဘုရား။

ဆရာတော် ။ ။ ဘာမှမလုပ်ဘူး၊ မီးဖို ဘေး ပါးစပ်ဟလျက် သား မှိန်းနေတယ်။

M.Sc ကျောင်းသား ။ ။ ကျားကြီးလည်း မီးလှုံ တာထင်တယ်၊ ဆရာ

တော်ကြီးက မသိဘူးလားဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီး လေးတိုင်စင် ကျောင်းလေးမှာ တရားရှုမှတ်တော်မူနေတာလေ။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ကျားက မျက်စိမှိတ်ပြီး မီးဖိုဘေး ပါးစပ်ဟပြီး မှိန်းနေတာကို ကပ္ပိယကြီးက *'ဒီမီးဖိုထဲက မီးကျီးခဲတွေကော်ပြီး ကျားကြီးပါးစပ်ထဲ ထည့်လိုက်ရကောင်းမှာပဲ'* လို့ သူ့စိတ်ထဲ စိတ်ကူးခါရှိသေးတယ် ကျားကြီးက ထဟိန်းတော့တယ်။

M.Sc ကျောင်းသား ။ ။ ကျားကြီးက ကပ္ပိယရဲ့ စိတ်ပုတ်တာကို သိသွားတာ ထင်တယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်လိမ့်မယ်။ ဒါနဲ့ *"ကပ္ပိယကြီး ဘာလို့မကောင်းကြံပြီး ပြစ်မှားရတာလဲ၊ ကိုယ့်အလုပ်ကိုယ် လုပ်တာမဟုတ်ဘူး။ တောင်းပန်လိုက်၊ တောင်းပန်လိုက်"* လို့ မိန့်တော်မူတယ်။

M.Sc ကျောင်းသား ။ ။ ကျားကြီး တိတ်သွားသလားဘုရား။

ဆရာတော် ။ ။ ကပ္ပိယကြီး တောင်းပန်ပြီး မေတ္တာပွားလိုက်မှ

ကျားကြီး ငြိမ်သွားတယ်။ ဒါကြောင့် ထေရ်ရှင်များရဲ့ အနားမှာနေကြတဲ့ ကပ္ပိယတွေ စိတ်ထားစင်ကြယ်ရမယ်လို့ ပြောတာ။

Dr. အောင်သူ ။ ။ မှန်ပါ၊ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ။ ။ သီလစင်ကြယ်ဖို့လိုတာကိုလည်း ပြောပြဦးမယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ သာသနာတော်မှာ ထင်ရှားတဲ့ ကန္ဒီဆရာတော်ကြီးက ကပ္ပိယ ကိုသာပြန့်ကို "*ဒကာကြီး၊ ခုလို ဘုန်းကြီးနောက်လိုက်ပြီး ဝေယျာဝစ္စလုပ်ရတာ အလွန် ကံထူးတယ်။ ဝေယျာဝစ္စလည်းလုပ်၊ တရားလည်း အားထုတ်ပေ့ါ*" လို့ မိန့်တော်မူတယ်။

M.Sc ကျောင်းသား ။ ။ ကပ္ပိယက တရားလည်း အားထုတ်ရမှာလား ဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ ဒါနဲ့ ဆရာတော်ကြီးက "*ကုသိုလ် အကုသိုလ်ဆိုတာ နည်းနည်းလေးပဲလို့ အထင်မသေးနဲ့နော်။ လက်ယက်တွင်းလိုပဲ။ လက်ယက်တွင်း တူးတဲ့အခါ သူနဲ့တစ်ကြောတည်း*

*ဆက်နေတဲ့ နေရာအားလုံးက ရေတွေဟာ သဘောတူရာ အကုန်လိမ့်ဆင်းပြီး စိမ့်ဝင်လာတာပဲ၊ တစ်ခုသတိထားဖို့က အနည်းဆုံး ငါးပါးသီလလောက်မှ စင်ကြယ်အောင် မစောင့်နိုင်လို့တော့ အကျိုးမများဘူး။ သီလရှိမှ သမာဓိရ၊ သမာဓိရှိမှ ပညာရနိုင်တာ"*လို့ ကပ္ပိယ ကိုသာပြန့်ကို ဆုံးမတော်မူပါတယ်။

Dr. အောင်သူ ။ ။ မှန်လှပါဘုရား။ ရဟန်းအနားမှာနေတဲ့ ကပ္ပိယအနေနဲ့ သီလလည်းလုံ၊ စိတ်လည်း စင်ကြယ်ရမယ်လို့ တပည့်တော်နားလည်ပါပြီဘုရား။ ကြိုးစားပါ့မယ်ဘုရား။

ကျမ်းညွှန်း

* မဟာစရိယဦးဌေးလှိုင်၏ ဘုန်းတော်ကြီးဦးသီလ၊ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ (နှာ-၂၁၆) ၁၉၉၃-ခုနှစ်၊ နဝမအကြိမ်
* မဟာစရိယဦးဌေးလှိုင်၏ ရဟန္တာဦးသာရွှန်း၊ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ (နှာ-၁၈၈) ၁၉၉၃-ခုနှစ်၊ နဝမအကြိမ်